ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၀၅၆ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက် )

**မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်**

**ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် **"မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး (ယဉ်ကျေးမှု)<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးမျိုးဆွေ၊ အဖွဲ့ဝင်<br>ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဦးစန်းဝေ၊ အဖွဲ့ဝင်<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ရဲမှူးကြီး သန်းဝင်း၊ အဖွဲ့ဝင် (၂)<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဦးနေလင်း၊ အဖွဲ့ဝင် (၄)<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | ဦးသန့်ဇင်ကိုကို၊ အဖွဲ့ဝင်(၅)<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဦးယဉ်ထွေး၊ အဖွဲ့ဝင် (၄)<br>တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဌ) | ဦးအောင်မင်း၊ အဖွဲ့ဝင် (၄)<br>ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဍ) | ဦးစိုးပိုင်မြင့်၊ အဖွဲ့ဝင် (၄)<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဎ) | ဦးသိန်းဌေး၊ အဖွဲ့ဝင် (၄)<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဏ) | ဦးတင်ချယ်၊ အဖွဲ့ဝင်<br>မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (တ) | ဦးစိုးလွင်၊ အဖွဲ့ဝင်<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ထ) | ဦးအောင်ဝင်းသိန်း၊ အဖွဲ့ဝင် (၅)<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဒ) | ဦးစိုင်းလိတ်၊ အဖွဲ့ဝင် (၃)<br>ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဓ) | ဦးအုန်းမြင့်၊ အဖွဲ့ဝင် (၃)<br>ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |

(န) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ပ) အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဖ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေစိစစ်ရေးဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ရ) ပါမောက္ခချုပ် အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(လ) ပါမောက္ခချုပ် အဖွဲ့ဝင်
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဝ) ဒေါက်တာတိုးလှ အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ(၂)၊ မြန်မာသမိုင်းအဖွဲ့

(သ) ဒေါက်တာမြင့်ကြည် အဖွဲ့ဝင်
အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့

(ဟ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဠ) ဒုတိယအမြဲတမ်းအတွင်းဝန်(ယဉ်ကျေးမှု) တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေးမူဝါဒ တစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ရန်၊

(ခ) မြန်မာနိုင်ငံရှိ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စာရင်းပြုစုရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသားအဆင့် တင်သွင်းခြင်းဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဆင့်မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းသို့ တင်သွင်းနိုင်ရေး Nomination Dossier ရေးသားဆောင်ရွက်ရေး ကြီးကြပ်ရန်နှင့် Periodic Reporting ကို သတ်မှတ်ချိန်တွင် တင်သွင်းရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများကို ပြည်သူများအား အသိပညာပေးခြင်း၊ ပြပွဲ၊ မြှင့်တင်ပွဲများ ကျင်းပပြုလုပ်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများအား နိုင်ငံတကာနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်၊

(ဆ) မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးမြှင့်တင်ခြင်း လုပ်ငန်းများ ရေရှည်တည်တံ့ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေများ ထည့်သွင်းတောင်းခံဆောင်ရွက်သွားရန်၊

(ဈ) မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ည) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများ ရေရှည်တည်တံ့ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲထားရှိရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကာလတို/ ကာလရှည်လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက် နိုင်မည့် လုပ်ငန်းကော်မတီကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၆ - ၃ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၃/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ